NATIONAL DEMOCRATIC FRONT
★★★(BURMA)★★★

**P.O. Box – (101), Mae sod, Tak. 63110, Tel / Fax (+ 66) 55 536 757, Email: ndfburma@hotmail.com. Blog: ndf-burma.bolgspot.com**

## စစ်အုပ်စု၏ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ များနှင့်စပ်လျဉ်းသော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု – မဒတ ၏ ထုတ်ပြန်ကြေညာချက်

ရက်စွဲ ။ ။ ၁၃ ရက် မတ်လ ၂၀၁၀ ခုနှစ်။ ကြေညာချက်အမှတ် – ၀၅/၀၆/ဦးစီး–၁၀။

၁။ ၂၀၁၀ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ထုတ်ပြန်လိုက်သော နအဖ စစ်အုပ်စု၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် (ဥပဒေအမှတ် ၁/၂၀၁၀ မှ ၅/၂၀၁၀ ထိ) တရားမျှတမှုအလျဉ်းမရှိဘဲ တိုင်းရင်းသားတို့၏အခြေခံအခွင့်အရေးနှင့် ဒီမိုကရေစီ အခြေခံအဆောက်အအုံများကို မည်သို့မျှ ရရှိနိုင်မည်မဟုတ်သောကြောင့် မဒတ တပ်ပေါင်းစုမှ ကန့်ကွက် ရှုတ်ချလိုက်ပါသည်။

၂။ စစ်အုပ်စုထုတ်ပြန်လိုက်သော ဥပဒေများသည် စစ်အုပ်စုချမှတ်ထားသည့် တဘက်သတ်စည်းမျဉ်းများကို လက်ခံလိုက်နာခြင်းမပြုလျှင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် အခြားနိုင်ငံရေးပါတီအားလုံးကို ပါတီအဖြစ်ရပ်တည်ခွင့်ပြုမည် မဟုတ်ဘဲ အများ ပြည်သူတို့၏ နိုင်ငံရေးတွင်ပါဝင်လှုပ်ရှားခွင့်များကို မျှတမှုကင်းမဲ့စွာ ကန့်သတ်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် စစ်အုပ်စုကျင်းပမည့် ရွေးကောက်ပွဲ တွင် နိုင်ငံရေးပါတီများ အားလုံးပါဝင်နိုင်ခြင်း မရှိသည့်အပြင် လွတ်လပ်မှု၊ တရားမျှတမှုလည်းရှိမည် မဟုတ်ကြောင်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ ကပင် ထောက်ပြဝေဖန်လျှက်ရှိသည်။

၃။ ထိုအတူ တိုင်းရင်းသားပြည်နယ်ဒေသများကို ရွေးကောက်ပွဲမှတဆင့် စစ်တပ်ကိုယ်စားလှယ်များ၊ စစ်တပ် စိတ်တိုင်းကျဆောင်ရွက်မည့် ကိုယ်စား လှယ်များဖြင့် တဘက်သတ်ရယူကာ အုပ်ချုပ်မည်ဖြစ်သောကြောင့် တိုင်းရင်းသားအခွင့်အရေးများ ရရှိနိုင်မည်မဟုတ်သကဲ့သို့ တိုင်းရင်းသား လူမျိုးတို့တောင်းဆိုသည့် ပြည်ထောင်စုနိုင်ငံလည်း ဖြစ်လာမည်မဟုတ်ပေ။ နအဖ စစ်အုပ်စုတို့ကိုယ်တိုင် မိဘပြည်သူများကို တဘက်သတ် ဖိနှိပ်အုပ်ချုပ်သကဲ့သို့ တိုင်းရင်းသားအချင်းချင်း ဇာတ်တူ သားစားရန် အတင်းအဓမ္မဖန်တီးထားခြင်းပင်ဖြစ်သည်။

၄။ ထိုပြင် စစ်ခေါင်းဆောင်တို့ချုပ်ကိုင်ထားသော ရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များကို အချိန်အခါအခြေအနေမရွေး ပယ်ဖျက်ပိတ်ပင်နိုင်သည့် လုပ်ပိုင်ခွင့် အပြည့်အဝပေးအပ်ထားခြင်းမှာ လွှတ်တော် တခုလုံးတွင် စစ်တပ်သြဇာထိန်းချုပ်ထားနိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ လွှတ်တော်တွင် ၂၅ ရာခိုင်နှုန်းကို စစ်တပ်မှ တိုက်ရိုက်ရယူထား သည့်အပြင် လွှတ်တော်တခုလုံးကို ထပ်မံထိန်းချုပ်ခြင်းသည် ဒီမိုကရေစီစံနှုန်း လုံးဝမရှိခြင်းပင်ဖြစ်သည်။

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ၃/၂၀၁၀ အရ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလာဒ်ကို ပျက်ပြယ်ကြောင်း ကြေညာလိုက်ခြင်း သည် ၁၉၉၀ ပြည့်တွင်ဆန္ဒမဲပြုခဲ့သည့် ပြည်သူလူထုတရပ်လုံးကိုစော်ကားလိုက်ခြင်းပင်ဖြစ်သည်။ ထိုအတူ ယခုရွေးကောက်ပွဲသည် နအဖ စစ်အုပ်စု စိတ်တိုင်း ကျမဖြစ်ပါက ဆန္ဒမဲပြုထားသော ပြည်သူလူထုတို့၏ဆန္ဒကို နည်းလမ်းပေါင်းစုံဖြင့် အချိန်မရွေး ပယ်ဖျက်မည်ဖြစ်ကြောင်း သက်သေပြလိုက်ခြင်း ပင်ဖြစ်သည်။ ထိုအတူ တိုင်းပြည်၏ ပကတိနိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ဖြေရှင်းရန် လုံးဝဆန္ဒမရှိကြောင်းနှင့် အဖွဲ့ချုပ် အဆိုပြုထားသည့် ရွှေဂုံတိုင်ကြေညာချက်ကို တိတိပပကျော်ခိုင်းလိုက်ပြီဖြစ်ကြောင်း နအဖ စစ်အုပ်စု က ထပ်မံဖော်ပြလိုက်ခြင်းဖြစ်သည်။

၆။ ၁၉၉၀ ပြည့်နှစ်တွင် လူထုထောက်ခံမှုကိုအပြည့်အဝရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ တရားဝင်မှုကိုသော်လည်းကောင်း၊ တိုင်းရင်းသားပြည်သူလူထုတရပ်လုံးကိုကိုယ်စားပြုသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ တရားဝင်မှုကိုသော်လည်းကောင်း စစ်ခေါင်းဆောင်များ နည်းလမ်းပေါင်းစုံဖြင့်ပျက်ပြယ်စေရန် ဖျက်ဆီးလျှက်ရှိသည်။ လူထုထောက်ခံသည့် တရားဝင်မှုအပြည့်အဝရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ လူထုကိုယ်စားပြု တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏တရားဝင်မှုကို မိမိတို့ မဒတ တပ်ပေါင်းစုမှ အလေးအနက် ထောက်ခံယုံကြည်ကြောင်း အတိအလင်းဖော်ပြလိုက်ပါသည်။

၇။ ထို့ကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းသည့်လမ်းစဉ်ကို သွေဖယ်ပြီး စစ်အာဏာ သက်တမ်းရှည်ရေးလုပ်ငန်း စဉ်များကို တဘက်သတ်ပြုလုပ်နေသော နအဖ စစ်အုပ်စုကို မိမိတို့ ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီ အင်အားစုများ က စုစည်းညီညွတ်စွာဖြင့် နည်းလမ်းပေါင်းစုံ တော်လှန်တိုက်ပွဲ ဝင်ကြရမည်ဖြစ်သည်။ မိမိတို့ မဒတ တပ်ပေါင်းစု အနေဖြင့် နအဖ စစ်အုပ်စု၏ လမ်းပြမြေပုံ ၇ ချက်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ဖျက်သွားမည်ဟု သဘောထားထုတ်ပြန် ထားပြီးဖြစ်သည့်အတိုင်း တိုင်းရင်းသားမြန်မာပြည်သူလူထုတရပ်လုံးနှင့်လက်တွဲကာ ရည်မှန်းချက်ပန်းတိုင်သို့ မရောက် မချင်း ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း မဒတ တပ်ပေါင်းစု၏ သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

"တပ်ပေါင်းစုဖြင့် အောင်ပွဲခံရမည်"

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု – မဒတ

**Contact:** ***(66) 086 206 4045, (66) 082 885 7963***